**ဒင်းဗားအစိုးရကျောင်းများ လုံခြုံမှုနှင့် အန္တရာယ်ကင်းရှင်းရေး ဌာန၊ မိဘများအတွက် လမ်းညွှန်ချက်များ**

- ကလေးများကို နီးစပ်သည့်မိတ်ဆွေစနစ် (buddy system) ထားရှိရန် သင်ပေးရမည်။ ကလေးများသည် အုပ်စုလိုက် ရှိနေသည့်အခါ ပို၍လုံခြုံသည်။ ကျောင်းမတက်ခင်နှင့် ကျောင်းဆင်းပြီးချိန်တွင် အုပ်စုလိုက် ကစားကွင်းနှင့် အိမ်အနီးရပ်ကွက်တွင် အတူတကွ ကစားကြသည်မှာ ကောင်းသည်။
- သင့်ကလေး မည်သည့်နေရာတွင် ရှိနေသည်ကို အချိန်တိုင်း သိရှိထားရမည်။ ကျောင်းပြီးသည်နှင့် အိမ်သို့တန်းတန်း မတ်မတ် ပြန်လာရန် သင်ကြားထားရမည်။ အကယ်၍ သူ၏မိတ်ဆွေအိမ်သို့ သွားရောက်လည်ပတ်နေပါက၊ သို့မဟုတ် ကစားနေပါက၊ မိဘများက သတ်မှတ်ထားသည့် အချိန်ဇယားကို ကလေးများက အစဉ်သဖြင့် လိုက်နာရမည်။ ကျောင်းဘတ်စ်ကား၊ သို့မဟုတ် RTD ဘတ်စ်ကားစီးသော ကလေးများသည်၊ သူတို့၏ ဘတ်စ်ကားဂိတ်အမှန်တွင် ဆင်းသက်ရမည်။
- လူစိမ်းများနှင့် ကြုံရပါက အန္တရာယ်ကင်းစေရန် မည်သို့ဆောင်ရွက်ရမည်ကို ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားရမည်။ လူစိမ်းက ချဉ်းကပ်လာပါက ခြေလှမ်း အချို့နောက်ဆုတ်စေရန် သင်ကြားထားပေးရမည်။ လက်လှမ်းမမီသည့် နေရာတွင် နေပါ။ လုံခြုံရာဧရိယာသို့ ပြေးခိုင်းပါ။
- ကလေးများကို အန္တရာယ်ကင်းစေရန် သင်ကြားပေးပါ။ အကြောက်တရား မဖန်တီးပါနှင့်။ ဥပမာအားဖြင့်- ကလေးများကို လူစိမ်းများကို သတိထားစေရန် သင်ကြားပေးသည်နှင့် အလားတူ၊ လမ်းဖြတ်ကူးသည်ကို သေချာကြည့်ရှုခြင်း၊ မီးခြစ်နှင့် မကစားစေခြင်း ကဲ့သို့ပင် ပညာပေး သင်ကြားထားပေးရမည်။
- ပုံမှန် မဟုတ်သည့် ဖြစ်ရပ်များကို မည်သည်မဆို၊ သင့်ကို ပြောပြစေရန် ကလေးများနှင့် ကောင်းမွန်သော ဆက်ဆံရေး ထူထောင်ထားရမည်။
- သင့်ကလေးသည် မိဘများ၏ အမည်အပြည့်အစုံ၊ လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်အကိုင်နေရာတို့ကို မှတ်မိနေစေရန် သေချာ ဆောင်ရွက်ထားရမည်။
- ရပ်ကွက် အိမ်အနီးတွင် မသိကျွမ်းသည့် ကားများ အကြိမ်ကြိမ် တွေ့ရှိနေပါက သတိထားစောင့်ကြည့်ရမည်။ ကားလိုင်စင်နံပါတ်များကို ကူးရေးထားပါ။
- သင့်ကလေး၏ အမည်ကို အင်္ကျီ အပြင်ပတွင် ရေးသားထားသည်များ ရှောင်ကျဉ်ပါ။ ထို့အတွက်ကြောင့် မသိသူလူစိမ်းက သင့်ကလေးအမည်ကိုခေါ်၍ ရင်းနှီးကျွမ်းဝင်ဟန်ဖြင့် ပြောဆိုရန် ခက်ခဲစေသည်။
- အကယ်၍ သင့်ကလေးကို ချဉ်းကပ်လာပါက၊ "ကျွန်တော်/ ကျွန်မ ခင်ဗျားကလေး မဟုတ်ဘူး" ဟု၊ "ခင်ဗျား ကျွန်တော်/ကျွန်မ အဖေအမေ မဟုတ်ဘူး" ဟု  အော်ဟစ် ပြောဆိုရန် သင်ကြားပေးထားရမည်။ ကိစ္စများစွာတွင် ကလေးများက အော်ဟစ်ရန် မေ့လျော့နေတတ်သည်။
- အိမ်တွင်၊ သူတို့လိုက်နာရမည့် အိမ်စည်းကမ်းများ ချမှတ်ထားရမည်။ ကစားမည့် အချိန်၊ အိမ်နီးချင်းများထံ သွားလည်ရမည့်ကိစ္စ၊ အချိန်တို့ကို သေချာစွာ တင်းကျပ်ရမည်။
- ရဲ၊ မီးသတ် စသည်သို့သော လုံခြုံအန္တရာယ်ကင်းသည့် သူများကို ကလေးများ သိရှိထားရန် သေချာသင်ကြားထားပေးရမည်။
- ကလေးများကို အန္တရာယ်ကင်းသည့် အိမ်၊ လုံခြုံသည့် အဆောက်အဦးများကို လိုအပ်ပါက ပြေးလွှားဝင်ရောက်နိုင်ရန် သင်ကြားပေးထားရမည်။ သင် အိမ်တွင် မရှိပါက ကူညီပေးနိုင်သည့် အိမ်နီးချင်းများကို သတ်မှတ်ပြောပြထားရမည်။ အရေးပေါ် အခြေအနေတွင် ကလေးများ နီးရာအိမ်သို့ အကူအညီတောင်းရန် ဝင်ပြေးရန်အတွက် အကြံပေး ပြောပြထားရမည်။ ကလေးများကို လမ်းကြားများ၊ လူမရှိသည့် ကားရပ်နေရာများ၊ အိမ်များ၊ သို့မဟုတ် သိုလှောင်ရုံ ဂိုဒေါင်များသို့ မသွားရန် သင်ကြားပေးထားရမည်။

- ကလေးများကို "လူစိမ်းများ" ဆိုသည်မှာ မိမိတို့ မသိသောလူများဖြစ်ကြောင်း သင်ကြားထားပေးရမည်။ မိမိတို့ သိကျွမ်းမှု လက္ခဏာ သတ်မှတ်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။ သူ၏အမည်ကို မိမိတို့ ကောင်းစွာ သိသောသူ၊ အိမ်အနီးအနားတွင် နေထိုင်သူ။ သို့မဟုတ် မိသားစုဝင် တစ်ဦးဦးက သိကျွမ်းသောသူ။
- မိဘများ အနေဖြင့်၊ ကျောင်းနှင့်၊ အိမ်နီးချင်း စင်တာများနှင့်၊ ဥပဒေစည်းကြပ်ရေး အေဂျင်စီများနှင့် ထိတွေ့ဆက်ဆံထားရမည်။ ကလေးများ၏ ရုပ်လက္ခဏာ သတ်မှတ်ဖော်ပြမှု အစီအစဉ်များ၊ လုံခြုံရေးအသိဆိုင်ရာ အစီအစဉ်များနှင့် နောက်ဆုံးသတင်းများ လက်ခံရယူထားရမည်။
- ကလေးများကို သူတို့၏ ကိုယ်ခန္ဓာ အချို့သော အစိတ်အပိုင်းများကို မည်သူမဆို မထိမကိုင်စေရန် သင်ကြားထားပေးရမည်။ ယင်းသည် မတော်သည့် လုပ်ရပ်ဖြစ်ပြီး၊ မည်သူက ဆောင်ရွက်သည်မဆို ချက်ချင်းသတင်းပေးပို့ရမည်။ ဤအယူအဆကို မိဘများက ပုံမှန်ဆိုသလို သေချာ ပြောဆိုညွှန်ကြားထားရမည်။
- မိဘများနှင့် ကလေးများသည် နီးစပ်သည့် မိသားစုဝင်များသာ သိရှိသော စကားဝှက်တစ်ခုကို ထားရှိသင့်သည်။ ကလေးများကို လူစိမ်းနှင့် လိုက်မသွားရန်၊ စကားဝှက်မဖော်ပြဘဲ လိုက်မသွားစေရန် ကြိုတင်ပြောပြထားသင့်သည်။
- မည်သည့်နေရာတွင် မဆို၊ မည်သည့်အချိန်တွင် မဆို၊ အမှုဖြစ်ပွားပါက မိဘများသည် ကျောင်းနှင့် ရဲဌာန နှစ်ခုစလုံးသို့ အသိပေးအကြောင်းကြားရန်။
- ကျောင်းမှ ကြီးကြပ်စောင့်ကြည့် အချိန် မတိုင်မီနှင့် နောက်ပိုင်းတွင်၊ သတင်းများ သိရှိနေစေရန်နှင့်၊ ကလေးများကို ကျောင်းသို့ စောလွန်းစွာ မပို့ရန်၊ ကျောင်းပြီးနောက် အချိန်ကြာမြင့်စွာ အချိန်ဖြုန်း၍ မနေစေရန်။

လုံခြုံရေး လမ်းညွှန်ချက်များနှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် www.ncpc.org. အင်တာနက်စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုပါ။

မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများရှိနေသည့် မိဘများသည်၊ ဒင်းဗားရဲဌာန သက်ဆိုင်ရာနယ်ပယ်များသို့ သက်ဆိုင်ရာဇရိယာအလိုက် ဆက်သွယ်နိုင်ပါသည်။

- ခရိုင် ၁ အနောက်မြောက် ဒင်းဗား **Northwest Denver** 303-964-1111
- ခရိုင် ၂ အရှေ့ဒင်းဗား **East Denver** 303-331-4070
- ခရိုင် ၃ အရှေ့တောင် ဒင်းဗား **Southeast Denver** 303-698-3333
- ခရိုင် ၄ အနောက်တောင် ဒင်းဗား **Southwest Denver** 303-937-4444
- ခရိုင် ၅ အရှေ့မြောက် ဒင်းဗား **Northeast Denver** 303-376-2300
- ခရိုင် ၆ **Downtown Denver** ဒင်းဗားမြို့လယ် 303-839-2100

သို့မှုတ် ဒင်းဗားအစိုးရကျောင်းများနှင့်၊ လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးဌာန (Security Department) သို့ ဆက်သွယ်ရန် 720-423-3911 720-423-3911 အခမဲ့